# ၂၀၁၅ ရွေးကောက်ပွဲအပေါ် ကျွန်ုပ်တို့၏သဘောထား

## (ဗမာပြည်ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်)

**ရဲဘော်တို့ မိတ်ဆွေတို့ ပြည်သူလူထုအပေါင်းတို့**

၂၀၁၅ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တင်ပြပါရစေ။

(၁)

**ဘယ်လိုရွေးကောက်ပွဲမျိုးလဲ**

- ကျပ် ၄ ဘီလျံ (သန်း ၄ ထောင်) အကုန်အကျခံပြီး ကျင်းပမယ့်ပွဲ
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါမရတဲ့ပွဲ
- မတရားသင်းကြေညာခံထားရတဲ့ပါတီတွေ၊ လူပုဂ္ဂိုလ်တွေ မပါရတဲ့ပွဲ၊ မဲပေးခွင့်မရှိတဲ့ပွဲ
- တိုက်ပွဲတွေ ဆက်ဖြစ်နေချိန်လုပ်တဲ့ပွဲ
- ကော်မရှင်အမိန့်ကြောင့် ရွေးကောက်ပွဲဝင်မယ့်ပါတီတွေ၊ လူပုဂ္ဂိုလ်တွေ ခြေလက်အတုတ်အနှောင်ခံနေရတဲ့ပွဲ
- သူတို့ကျိတ်မွေးထားတဲ့ 'လက်မရွံ့' တွေ လက်စွမ်းပြမယ့်ပွဲ

ချုပ်လိုက်ရင် 'လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲ' ဆိုတာ ဆိုင်းဘုတ်သက်သက်သာရှိတဲ့ပွဲပဲ ဖြစ်ပါတယ်။

(၂)

**၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ ဘာလဲ**

အနှစ်ချုပ်

- လွှတ်တော်အသီးသီးမှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းယူထားပြီး ကာချုပ်ရွေးထားတဲ့ ကိုယ်စားလှယ်အများစု ပါနေတဲ့ ကာလုံက အစိုးရနဲ့လွှတ်တော်အပေါ် ဓားမိုးထားမှု
- အချိန်မရွေး အာဏာသိမ်းနိုင်တဲ့ပြဋ္ဌာန်းချက်
- စစ်တပ်နဲ့ဖြစ်တဲ့မှုခင်းတွေမှာ စစ်ဘက်ကသာ စီရင်ပိုင်ခွင့်ရှိမှု၊ ကာချုပ်ရဲ့အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ပြီး တရားလွှတ်တော်ချုပ်သို့ အယူခံတက်ခွင့်မရှိ (ကိုပါကြီးအမှုနှင့် ပြည်နဝဒေးမုဒိမ်းမှုနမူနာ)
- လွှတ်တော်အသီးသီးမှာ၂၅ ရာခိုင်နှုန်းယူထားတဲ့ စစ်တပ်ကိုယ်စားလှယ်တွေက အသာစီးယူထားပြီး ပြည်သူလူထုသဘောထားဆန္ဒကို ကိုယ်စားမပြုတဲ့ သမ္မတရွေးချယ်တဲ့စနစ်
- တိုင်း/ပြည်နယ်လွှတ်တော်တွေမှာ ဘယ်ပါတီပဲနိုင်နိုင် သမ္မတကပဲ သူကြိုက်တဲ့သူကို ဝန်ကြီးချုပ်ခန့်နိုင်ခွင့်
- အများပြောနေတဲ့ (၄၃၆) ကို ပြင်မရအောင်လုပ်ထားတာ (အများစုမဲနဲ့ ပြင်ကြည့်ပြီးပြီ၊ ပြင်မရ)

ဒီတော့ ဒါတွေသာ ဆက်ရှိနေမယ်ဆိုရင် ဘယ်သူတက်တက် တက်သမျှအစိုးရဟာ ကာလုံဓားမိုး စေခိုင်းသမျှကို အကောင်အထည်ဖော်ရမှာသာ ဖြစ်တယ်။ စစ်တပ်ရဲ့အကျိုးစီးပွားကို ထိလို့မရပါ။ စစ် ၃ စစ်ကို အသက်နဲ့လဲပြီး ကာကွယ်ဖို့ ဖိအားပေးခိုင်းစေတာ ခံကြရပါလိမ့်မယ်။ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ အိပ်မက်တောင် မမက်နိုင်တဲ့ဘဝ ရောက်ပါမယ်၊

အကျိုးဆက်အားဖြင့် ပြည်သူတွေ ပိုပြီးဆင်းရဲတွင်း နက်လာပါမယ်။ စစ်အရှိန် မြင့်လာပါမယ်။ ခရိုနီများနဲ့ လက်ဝေခံနေရှင်များကြောင့် ပြည်ပက နိုင်ငံရေး၊ စီးပွားရေး စွက်ဖက်မှုတွေ ပိုတိုးများလာပါမယ်။ ဒါ့ကြောင့် စစ်မှန်တဲ့ဒီမိုကရေစီရရှိရေးအတွက် ဆက်တိုက်ကြိုးပမ်းရမှာပါလို့ ပြောလိုပါတယ်။

နောက်တချက်က ၂၀၀၈ အခြေခံဥပဒေအောက်မှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဟာ စစ်အုပ်စုအုပ်စိုးမှုကို တရားဝင် အသိအမှတ်ပြုပေးရာ ရောက်သွားနိုင်ပါတယ်။

ဒီဥပဒေကို မဖျက်သိမ်းနိုင်မချင်း ဒီချုပ် (NLD) သည်ပင် သူ့နိုင်ငံရေးရည်မှန်းချက်များကို ဖော်ဆောင်နိုင်စရာအကြောင်း မမြင်ပါ။ စစ်အုပ်စု သက်ဆိုးရှည်ရေးအတွက် အလုပ်အကျွေးပြုရာသာ ရောက်ပါလိမ့်မယ်။ စစ်အုပ်စုကတော့ နိုင်ရင်လည်းနိုင်၊ ရှုံးရင်လည်း နိုင်သွားမှာပါ။ မိမိတို့ အနေနဲ့ (NLD) သူ့လမ်းသူဆုံးအောင် လျှောက်ကြည့်နေတာကို ကန့်လန့်တိုက်နေမှာ မဟုတ်ဘူးလို့ သတင်းစကား ပါးချင်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား –**

ဗကပ အနေနဲ့ စစ်အာဏာရှင်စနစ်ကို တရားဝင်ဆက်လက် သက်ဆိုးရှည်စေမယ့် ၂၀၀၈ အခြေခံဥပဒေအောက်က ကျင်းပမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲဟာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ လုံးဝမယုံကြည်ကြောင်း တင်ပြလိုပါတယ်။ အလားတူ အတိုက်အခံနိုင်ငံရေးပါတီများအနေနဲ့လည်း နေရာလုနေကြတဲ့ စစ်အုပ်စုထဲက တစုစုနဲ့ပေါင်းပြီး နိုင်ငံရေးအာဏာရယူနိုင်တယ်ဆိုတဲ့ နွေလယ်ခေါင် အိပ်မက်မျိုး မမက်မိကြဖို့ ပန်ကြားလိုပါတယ်။

ပြည်သူလူထုကြီးအနေနဲ့လည်း အကြောင်းကြောင်းကြောင့် မဲပေးရတော့မယ်ဆိုပါက ပြည်သူလူထုအကျိုးအတွက် ၂၀၀၈ အခြေခံဥပဒေကို အခြေခံကစပြီး အမှန်တကယ်ပြင်လို ဖျက်သိမ်းလိုသည့် နိုင်ငံရေးပါတီများ/ပုဂ္ဂိုလ်များကို အားပေးထောက်ခံကြဖို့ လိုမယ်ထင်ပါတယ်။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေသမျှကာလပတ်လုံး တိုင်းပြည်ရော၊ ပြည်သူလူထုပါ ဆင်းရဲဒုက္ခန္ဒွံတွင်းက ကျွတ်ထွက်နိုင်မှာ မဟုတ်တဲ့အပြင် လက်တဆုပ်စာ စစ်အုပ်စုရဲ့ ကိုယ်ကျိုးကြည့်မှုနဲ့ အမြော်အမြင်ခေါင်းပါးမှုကြောင့် အင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားပဋိပက္ခအကြား အချုပ်အခြာအာဏာပိုင်ဆိုင်မှု ပျက်စီးသွားမယ့်အန္တရာယ် ရှိနေပါတယ်။ အာရုပစိဖိတ်အပူကွက်ဟာ လျော့ပါးမသွားတဲ့အပြင် အပူရှိန်မြင့်လာတာကို သတိပြုရပါမယ်။ ဒါ့ကြောင့် စစ်အာဏာရှင်စနစ် လုံးဝချုပ်ငြိမ်းစေရေးအတွက် တိုင်းချစ်ပြည်ချစ်နိုင်ငံရေး အင်အားစုများနဲ့ လက်တွဲပြီး အခွင့်အလမ်းရှိသည့် မည်သည့်နိုင်ငံရေးလှုပ်ရှားမှုသဏ္ဍာန်ဖြင့်ဖြစ်စေ နိုးနိုးကြားကြား ကိုယ်တိုင်ပါဝင်လှုပ်ရှားကြစေလိုကြောင်း ပန်ကြားလိုက်ပါတယ်။

(၃)

**သမ္မတရာထူးနဲ့ သူတို့တွင်းကပြဿနာများ**

သမ္မတရာထူးဆိုတာ လုပ်ပိုင်ခွင့်အာဏာရှိတဲ့ဘက်ကကြည့်ကြည့်၊ အခြံအရံနဲ့ လစာခံစားခွင့်တွေဘက်ကကြည့်ကြည့် မက်လောက်စရာ ရာထူးဖြစ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည် ဝင်ရွေးခွင့်မရတော့တာ သေချာသွားပြီးတဲ့နောက် အာဏာရအုပ်စုထဲမှာ သမ္မတနေရာလုပွဲက ပိုပြင်းထန်လာတာ တွေ့ရတယ်။

လက်ရှိသမ္မတက နောက်ထပ်အရွေးခံမယ်၊ မခံဘူး မကြေညာ။

သမ္မတဖြစ်ရေး အရှူးအမူးကြိုးစားနေသူ လွှတ်တော်နာယကကြီးကတော့ သမ္မတဖြစ်ချင်ကြောင်း ပြောင်ကြေညာပြီးပြီ။ တခါ ‘ကျွန်တော့်ကို သမ္မတကိုယ်တိုင်က သူမပြိုင်တော့ပါဘူးလို့ စာရေးပြီး ပြောထားပြီးသား’ လို့ ထုတ်ဖော်ပါတယ်။ ဒါကို သမ္မတရုံးက ငြင်းပါတယ်။

ခုနောက်ဆုံး ကာချုပ်ဆိုသူလည်း ဒီပြိုင်ပွဲထဲကို တိုးဝင်လာပြန်ပြီ။ ထိုင်းတို့ အီဂျစ်တို့မှာတောင် ကာချုပ်တွေက သမ္မတဖြစ်သူဖြစ်၊ ဝန်ကြီးချုပ်လုပ်သူလုပ် လုပ်နေတာပဲ။ ဗမာပြည်မှာ ဘာလို့မဖြစ်နိုင်ရမှာလဲလို့ တွေးချင်တွေးနေပါလိမ့်မယ်။ ဒါ့ကြောင့် ထင်ပါရဲ့၊ စစ်တပ်က

ဘားတိုက်ထဲ ပြန်ဝင်မယ့်ကိစ္စကတော့ ၅ နှစ် ကြာချင်ကြာမယ်၊ ၁၀ နှစ် ကြာချင်ကြာမယ်၊ ပြောမရဘူးလို့ (BBC) ကို တိတိကျကျ အဖြေပေးလိုက်ပါပြီ။

၃ ယောက်စလုံးရဲ့ စကားခံတွေကတော့ စကားလုံးကွဲပေမယ့် တသဘောတည်း ဖြစ်နေတာ သတိပြုမိကြပါလိမ့်မယ်။

'လိုအပ်လာရင်'၊ 'တာဝန်ပေးလာရင်'၊ 'ပြည်သူက တောင်းဆိုလာရင်' ဆိုတဲ့အသုံးအနှုန်းတွေသုံးပြီး သမ္မတလုပ်မယ့်အကြောင်း ကြေညာလိုက်ကြတာပါ။

ဒါတွေဟာ လူထုနဲ့နိုင်ငံရေးပါတီတွေ အာရုံထွေပြားအောင် လုပ်နေကြတာသာ ဖြစ်တယ်။ စစ်အုပ်စုဆိုတာမှာ နံပါတ် (၁) တယောက်ပဲ ရှိတယ်။ အခြေခံဥပဒေ စဆွဲစဉ်ကတည်းက အာဏာပြိုင်လေးတွေဖြစ်အောင် ဗိုလ်သန်းရွှေ လုပ်ထားခဲ့တယ်။ စစ်အုပ်စုအာဏာ လက်မလွှတ်ရတဲ့အောက်မှာ ကိုယ်ကျိုးစီးပွားအတွက် တဦးနဲ့တဦး အာဏာပြိုင်တာ၊ အင်အားစုကြတာ၊ ကော်ကြခတ်ကြတာ ရှိမှာပဲ။ မရှောင်လွှဲနိုင်ဘူး။ ဒါဟာ စစ်အစိုးရတွေရဲ့ မွေးရာပါ ပဋိပက္ခပဲ။ လူထုအနေနဲ့ ဘာမှစိတ်ကူးယဉ်စရာ အကြောင်းမရှိ၊ သူတို့ထဲက လူသစ်တယောက် သမ္မတဖြစ်လာလည်း လူထုကိုခတ်မယ့် 'ချို' တချောင်း ပိုပါလာတာပဲ ဖြစ်မယ်။

သူတို့အကျပ်အတည်းက နိုင်ငံတကာရဲ့ အသိအမှတ်ပြုဖို့ကလည်း လိုအပ်၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲသာလုပ်ရင် သူတို့ဘယ်လိုမှ မနိုင်နိုင်တာလည်းသိနေ – ဒီတော့ ထွက်ပေါက်က မသမာတဲ့နည်းမျိုးစုံသုံးပြီး ညစ်ဖို့ပဲ။ အာဏာကိုင်ပြီး အခွင့်အရေးယူဖို့ပဲ။ ၂၀၀၈ ကိုင်ပြီး အပိုင်လုပ်ဖို့ပဲ။ အငြင်းပွားစရာ မဲစာရင်းတွေ ထွက်လာပြီ။ တမင်ပြဿနာဖန်တီးထားတဲ့ ဒီမဲစာရင်းတွေကို လက်ညှိုးထိုးပြပြီး ရွေးကောက်ပွဲကိုတောင် အချိန်ရွှေ့တာ၊ ဖျက်တာတွေ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ ကြံ့ဖွံ့အနေနဲ့ စောစောစီးစီး မဲဆွယ်တာ လုပ်နေနိုင်ကြပြီ။ စိတ်မချရတဲ့ မဲစာရင်းတွေ ထွက်လာပြီ။

ရွေးကောက်ပွဲအကြို သူတို့ 'မီးခဲ' လို့ ယူဆထားတဲ့ ကျောင်းသားတွေနဲ့ မီဒီယာသမားတွေကိုဖမ်း၊ ထောင်ချ၊ ဒဏ်ငွေတပ်နဲ့ သတင်းလွတ်လပ်ခွင့်တွေ တင်းကျပ်လာခဲ့ပြီ။ သူတို့က အမှန်တရားကိုင်စွဲထားတဲ့ ကျောင်းသားတွေနဲ့ မီဒီယာတွေကို ကြောက်ပါတယ်။ ရွေးကောက်ပွဲကာလကျရင် မီဒီယာလက်လှမ်းမီတဲ့ နေရာတွေမှာ လက်တလုံးခြား ဥပဒေလွတ်ညစ်ပြီး မီဒီယာလက်လှမ်းမမီတဲ့ နေရာတွေမှာ ပြောင်ကျကျ ညစ်ပါလိမ့်မယ်။ ဒီလို ညစ်နိုင်အောင်လည်း ရွေးကောက်ပွဲကော်မရှင်က အောက်ခြေ ရပ်/ကျေး နဲ့ မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ပြည်နယ် အဆင့်ဆင့်မှာ တပ်ထွက်တွေနဲ့ သူတို့လူတွေချည်း လုပ်ပိုင်ခွင့် အာဏာတွေ ပေးထားပါပြီ။

လူထုမှာ ကိုယ်ပိုင်နည်းနာတွေရှိပါတယ်။ တီထွင်ဖန်တီးမှုတွေ ရှိပါတယ်။ ရွေးကောက်ပွဲကာလအတွင်း စစ်အုပ်စုရဲ့ မသမာမှုတွေကို ဖော်ထုတ်ကန့်ကွက် ရှုတ်ချကြရပါမယ်။ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်၊ ဒီမိုကရေစီအခွင့်အရေးတွေကို ကျယ်ကျယ်လောင်လောင် တောင်းဆိုကြရပါမယ်။ မိမိတို့ရဲ့ဆန္ဒဟာ 'ဘာ' ဆိုတာ ရဲရဲဝံ့ဝံ့ ဖော်ပြကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

ရက်စွဲ – ၁၃၇၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်။

၂၀၁၅ ခု၊ ဇူလိုင်လ ၂၈ ရက်။